# LESSON 12

# ANANDA

### The Buddha's personal attendant

The Buddha had no regular attendant during the first twenty years of His ministry. Several monks used to attend on the Buddha, accompany Him on alms rounds and carry His extra robes and bowl. The monks who served Him were Nagasamala, Nagita, Upavana, Sunakhatta, Cunda, Sagata, Radha and Meghiya.

These monks did not always obey His instructions. For example, one day when the Buddha and Venerable Nagasamala came up to a junction, the Venerable Nagasamala decided to go one way although the Buddha suggested that they should go the other way. The monk went along the road of his choice where he was robbed and beaten by highway robbers. He came back to the Buddha to be reminded of his disobedience and be consoled.

On another day, as the Buddha was on His way to the village. of Jantu, Venerable Meghiya who accompanied Him wanted to stop by a mango grove and practise asceticism. Thrice the Buddha advised him against this, but he went his way. Eventually he returned to the Buddha and confessed that he had failed in his practice because almost all the time he was in the grove, three kinds of evil thoughts disturbed his mind: thoughts of sensual desires, ill-will and thoughts of cruelty.

When the Buddha came to the Jetavana Monastery in Savatthi, He said, "'Now I am old, Bhikkhus. When I say, 'Let us go this way', some go another way; some drop my bowl and robe on the ground. Choose out one disciple to attend always on me." The Buddha was fifty-five years of age at that time.

## သင်ခန်းစာ (၁၂)

## အရှင်အာနန္ဒာ

### မြတ်စွာဘုရားအား အနီးကပ်စောင့်ရှောက်သူ ညီတော်

မြတ်စွာဘုရားရဲ့သာသနာပြုမှု ပထမနှစ်ဆယ်ငါးနှစ်အချိန်အတွင်းတွင် မြတ်စွာဘုရားမှာ သူ့အား အနီးကပ်

အမြဲပြုစုလုပ်ကျွေးသော ရဟန်းမရှိခဲ့ပေ။ အချို့သော ရဟန်းတို့နှင့်အတူ ဆွမ်းကြွ ဆွမ်းခံမှု ကိစ္စများပြုပြီး ထိုရဟန်းတို့က သပိတ်၊ သင်္ကန်းအပိုများကို ကူညီသယ်ဆောင်ပေးမှုများ ပြုလုပ်ပေးကြသည်။ မြတ်စွာဘုရားကို ဂရုစိုက်ကူညီစောင့်ရှောက်ပေးသော ရဟန်းများမှာ နာဂသမလ၊ နာဂိတ၊ ဥပဝန၊ သုနက္ခတ္တ၊ စုန္ဒ၊ သာဂတ၊ ရာဓ နှင့်မေဃိယ တို့ ဖြစ်ကြလေသည်။

သို့သော် ထိုရဟန်းတို့သည် မြတ်စွာဘုရားရဲ့ဆိုဆုံးမစကားများကို အမြဲနားမထောင်ခဲ့ပေ။ ဥပမာ တစ်နေ့တွင် မြတ်စွာဘုရားနှင့်ရှင်နာဂသမလတို့နှစ်ပါး လမ်းဆုံ လမ်းခွတစ်ခုသို့ရောက်သော် မြတ်စွာဘုရားက တစ်လမ်းရွေးရန် အကြံပြုသော်လည်း ရှင်နာဂသမလက စကားနားမထောင်ဘဲ တခြားတလမ်း ရွေးကာသွားခဲ့သည်။ ထိုရဟန်း ထိုလမ်းအတိုင်းသွားရာ လမ်းတွင်သူခိုး ဓားမြများနှင့်တွေ့ပြီး၊ လုယူ ရိုက်နှက်နှိပ်စက်မှုတို့ကို ကြုံခဲ့ရလေသည်။ မြတ်စွာဘုရားထံ ရှင်နာဂသမလပြန်ရောက်လာသော် မြတ်စွာဘုရားက ဆိုဆုံးမမှု စကားများကို ဆိုပြီး နှစ်သိပ့်ပေးလေသည်။

နောက်တစ်နေ့တွင်မူ မြတ်စွာဘုရားနှင့် ရှင်မေဃိယတို့ ဇန္တုဟူသော ရွာကြီးဆီသို့ ခရီးအတူကြွစဉ် ရှင်မေဃိယက လမ်းမှာတွေ့သော သရက်တောကြီး၌ တစ်ပါးတည်းတရားကျင့်လေတော့သည်။ ဒါကို မြတ်စွာဘုရားက တားမြစ်သော်လည်း မနာခံဘဲ ထွက်ခွါသွားခဲ့လေသည်။ နောက်ဆုံးတော့ မြတ်စွာဘုရားရှေ့မှောက် ပြန်ရောက်လာပြီး သူတရားမရနိုင်ခဲ့ကြောင်းနှင့် သရက်တောထဲ တရားကျင့်နေစဉ် ကာလပတ်လုံး သုံးမျိုးသော စိတ်ဆိုး စိတ်မိုက် ကိလေသာများနှင့်သာ တွေ့ကြုံခဲ့ရကြောင်းနှင့် ရာဂလောဘများ၊ ဗျာပါဒ ဒေါသများ နှင့်ညှင်းဆဲနှိပ်စက်လိုသောစိတ်များ ဖြစ်ခဲ့သည်ကို ဝန်ချတောင်းပန် လေတော့သည်။

မြတ်စွာဘုရား သာဝတ္ထိပြည်မွန် ဇေတဝန်ကျောင်းတော်ကြီးသို့ ပြန်ကြွလာပြီးသောအခါ မြတ်စွာဘုရားသည် ဤသို့ မိန့်လေသည်။ "ဘိက္ခု-ရဟန်းတို့ ငါဘုရားလဲ အိုလာပြီ၊ ဤလမ်းသို့ သွားဖို့ ငါမိန့်တော်မူလဲ ငါ့နောက်ပါး ရဟန်းသည် ထိုတခြားလမ်းသို့ သွားကြကုန်သည်။ တချို့ရဟန်းတို့သည် ငါ့ သင်္ကန်း၊ သပိတ်တို့ကို မြေသို့ လွှတ်ချထားကြလေသည်။ ထို့ကြောင့် ငါ့အား အစဉ်အမြဲ အနီးကပ် ပြုစုစောင့်ရှောက်ပေးမည့် ရဟန်းတစ်ပါးကို ရွေးခြယ်ကြကုန်လော"ဟု မိန့်တော်မူလေသည်။ ထိုအချိန်တွင် မြတ်စွာဘုရားသည် သက်တော်ငါးဆယ့်ငါးနှစ် ရှိခဲ့လေသည်။

The Venerable Sariputta and Moggallana both volunteered their services, but the Buddha did not accept as they had other valuable services to perform to the world. The offers of other disciples were also turned down. As Venerable Ananda was silent, waiting to be nominated by the Buddha Himself, other monks advised him to offer his services.

The Buddha said, "It is not necessary for Ananda to be induced by others. He will

serve me on his own accord.”’

Venerable Ananda agreed to serve the Buddha regularly subject to eight conditions:

He should not be given the robes received by the Buddha.

He should not be given the food received by the Buddha.

He should not sleep in the Fragrant Chamber of the Buddha.

He should not be asked to go with the Buddha to accept elms on invitation.

The Buddha should consent to invitations received by him.

The Buddha should give him permission to introduce visitors that come from afar to see the Buddha.

He should be allowed to consult the Buddha whenever he had any doubts to clarify.

The Buddha should repeat to him the discourses preached in his absence.

After the Buddha consented to these eight conditions, Venerable Ananda became the regular attendant of the Buddha for twenty-five years.

အဂ္ဂသာဝကကြီးများဖြစ်ကြကုန်သော အရှင်သာရိပုတ္တနှင့်အရှင်မောဂ္ဂလ္လာနတို့က လုပ်ကျွေးပြုစုပါရစေဟု လျှောက်ထားသော်လည်း မြတ်စွာဘုရားက လက်မခံခဲ့ပေ။ သူတို့သည် လောကအတွက် သာသနာပြုလုပ်ငန်းများတွင် အလွန်အရေးပါ၊ လိုအပ်သောကြောင့်ဖြစ်သည်။ အခြားအခြားသော ရဟန်းများက တောင်းဆိုလျှောက်ထားသော်လည်း လက်မခံခဲ့ပေ။ မြတ်စွာဘုရားရဲ့ ညီတော် အရှင်အာနန္ဒာကတော့ အခြားရဟန်းများ သူ့အား တာဝန်ယူစေလို၍ တိုက်တွန်းသော်လည်း မြတ်စွာဘုရားကိုယ်တိုင်တာဝန်ပေးမှုကို အလိုရှိ၍ တိတ်ဆိတ်နေခဲ့လေသည်။

မြတ်စွာဘုရားက “ညီတော်အာနန္ဒာအား အခြားရဟန်းများက တိုက်တွန်းရန်မလိုအပ်ပေ။ သူ့ ဆန္ဒ အလျှောက်သာ သူလုပ်ကျွေးပြုစုမှုကို အောက်ပါ စည်းကမ်းလိုက်ရောမှု ရှစ်ချက်အား သဘောတူပါက လက်ခံ ပါမည်ဟု ပြန်လည်လျှောက်ထားလေသည်။

၁။ မြတ်စွာဘုရားအား ကပ်သော သင်္ကန်းများကို သူ့များမပေးရန်၊
၂။ မြတ်စွာဘုရားအား ဆက်ကပ်သော ဆွမ်းခဲဖွယ်များကို သူ့များအား မပေးရန်၊
၃။ မြတ်စွာဘုရား ကျိန်းစက်သော နံ့သာဆောင်တော်အတွင်းတွင် သူ့အား မကျိန်းစက်စေရန်၊
၄။ မြတ်စွာဘုရားအား ဆွမ်းစားပင့်လျှောက်သူအား မခေါ်သွားရန်၊
၅။ သူက မြတ်စွာဘုရားအား ပင့်လျှောက် ပါလျှင် လက်ခံရန်၊
၆။ ခရီးဝေးမှ မြတ်စွာဘုရားအား ဖူးမျှော်လို၍ ရောက်လာကြကုန်သူများအား သူက ဖူးတွေ့ခွင့်ပေးရန် လျှောက်ထားပါက သူ့အား ခွင့်ပေးရန်၊
၇။ တရားနှင့်ပတ်သက်၍ မရှင်းမလင်းရှိခဲ့လျှင် သံသယများ ကင်းရန်တရား ဆွေးနွေးခွင့်ကို အချိန်မရွေးပေးရန်၊
၈။ မြတ်စွာဘုရား ဟောကြားခဲ့သော တရားများကို သူနာကြားခွင့်မရှိပါက သူ့အား ပြန်လည် ဟောကြားပေးရန် တို့ဖြစ်လေသည်။

မြတ်စွာဘုရားက ထိုတောင်းဆိုသော အချက်အလက် (၈) ရပ်တို့ကို သဘောတူ လက်ခံပြီးနောက် ညီတော်အရှင်အာနန္ဒာသည် နှစ်ဆယ်ငါးနှစ်လုံး မြတ်စွာဘုရားရဲ့အနီးကပ်ပြုစုလုပ်ကျွေးသူ ဖြစ် လာခဲ့လေသည်။

Venerable Ananda was the son of King Suddhodana’s younger brother, and therefore a cousin of the Buddha. He entered the Order of monks during the second year of the Buddha’s ministry. Not long after, he attained the first stage of Sainthood (Sotapatti) on hearing the sermon given by Venerable Punna Mantaniputta.

From the time he became the Buddha’s personal attendant, he served the Buddha with devotion and care up to the Master’s last moments. Day and night, he served the Master. At night he would go round the place where the Buddha was resting to prevent His sleep from being disturbed.

At the time of the awarding of ranks on the disciples, the Buddha recognized the Venerable Ananda as first among monks who were learned, mindful, well-behaved and determined. He was greatly responsible for the establishment of the Order of nuns (Bhikkhuni) and the planting of the Ananda Bodhi tree which still survives today near the

Jetavana Monastery.

Although Venerable Ananda had the rare privilege to listen to every sermon of the Buddha, he did not attain his Arahantship until after the Buddha had passed away.

Venerable Ananda lived to one hundred and twenty years of age before passing away.

အရှင်အာနန္ဒာသည် မြတ်စွာဘုရားရဲ့ ခမည်းတော်မင်းကြီး သုဒ္ဓေါဒနရဲ့ ညီတော်ရဲ့သားဖြစ်လေသည်။ မြတ်စွာဘုရားရဲ့ ညီတော် ဝမ်းကွဲဖြစ်လေသည်။ မြတ်စွာဘုရားရဲ့ သာသနာတော် နှစ်နှစ်မြောက်တွင် ဘိက္ခုသံဃာအတွင်း ရဟန်းအဖြစ်ဝင်ရောက်လာခဲ့သည်။ မကြာမီအချိန်အတွင်း အရှင်ပုဏ္ဏ မန္တနိပုတ္တ ဟောကြားသော တရားတော်ကို နာယူပြီးနောက် သောတာပန်တည်လေသည်။

အရှင်အာနန္ဒာသည် မြတ်စွာဘုရားအား ပြုစုလုပ်ကျွေးခွင့် စရသည့်နေ့မှစ၍ မြတ်စွာဘုရားရဲ့ နောက်ဆုံး ပရိနိဗ္ဗာန်စံတော်မူသည့်အချိန်ထိ မြတ်စွာဘုရားအား အလွန်ဂရုစိုက် တလေးတစား စောင့်ရှောက်ခဲ့သည်။ နေ့ရော ညပါ မနေမနား အလုပ်အကျွေးပြုခဲ့သည်။ ညအချိန်အခါတွင် ကျောင်းဝင်းအတွင်း လှည့်ပတ်ကာ မြတ်စွာဘုရား ကျိန်းစက်အနားယူမှု အနှောက်အယှက်မဖြစ်စေရန် စီမံဆောင်ရွက်ပေးခဲ့သည်။

မြတ်စွာဘုရားက ရဟန်းသံဃာများအား ဧတဒဂ်ဘွဲ့များ ချီးမြှောက်ပေးသည့်အခါ အရှင်အာနန္ဒာအား ရဟန်းများတွင် သတိအကြီးဆုံး မှတ်ဉာဏ် အကောင်းဆုံး အထက်မြက်ဆုံး၊ စာအရာတွင် အတော်ဆုံးနှင့်လိမ္မာပြီး အထူးကြိုးစားမှု အကြီးဆုံး ဧတဒဂ်ဘွဲ့ပေးခဲ့လေသည်။ အရှင်အာနန္ဒာသည် ဘုရားသာသနာတွင် ဘိက္ခုနီ ရဟန်းမများ ပါဝင်ခွင့်ရအောင် ဆောင်ရွက်နိုင်ခဲ့ရာ အလွန်အရေးပါသူ ဖြစ်လေသည်။ ဇေတဝန်ကျောင်းနားတွင် ယခုထက်တိုင် ရှိသေးသော အာနန္ဒာဗောဓိညောင်ပင်စိုက်ခဲ့သည်မှာလဲ အရှင်အာနန္ဒာဖြစ်လေသည်။

အရှင်အာနန္ဒာသည် အလွန်ထူးခြားစွာ မြတ်စွာဘုရားရဲ့ တရားတော်တိုင်းကို နာကြားခွင့်ရှိခဲ့သော်လည်း အရဟတ္တမဂ် ဖိုလ်နှင့်ရဟန္တာအဖြစ်ကို မြတ်စွာဘုရား ပရိနိဗ္ဗာန်စံတော်မူပြီးမှ ရရှိခဲ့လေ သည်။

အရှင်အာနန္ဒာသည် သက်တော်တစ်ရာ့နှစ်ဆယ်ထိအောင် သာသနာ့တာဝန်များကို ထမ်းဆောင်ပြီး ပရိနိဗ္ဗာန်စံတော်မူလေသည်။



*Ananda, a disciple and personal attendant, offering food to the Buddha.*